# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

July 4 , 2022 Volume 56, Number 2


၄.၇.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၁၃ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၇၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၁၈၀ ကျပ် |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၂၈.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၂၄.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၄၀.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၆၇.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၆.၂၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၄၄၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၅၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၁၉.၂၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၁.၈၂၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန် ဟက်စ်အမျိုးအစား ထောပတ်ပင်ကို တိုးချဲ့စိုက်ပျိုးနေ

ပြည်တွင်းမှထွက်ရှိသည့် ထောပတ်သီးများကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချနိုင်စေရန် အရည်အသွေးကောင်းမွန်သည့် ဟက်စ်အမျိုးအစား ထောပတ်ပင်များကို အဓိကထား တိုးချဲ့စိုက်ပျိုးနေကြောင်း ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဒုတိယဥက္ကဌ ဦးမျိုးညွန့်က ပြောပြ၍သိရသည်။

အဆိုပါ ဟက်စ်အမျိုးအစားထောပတ်သီးကို ပြည်ပဈေးကွက်များသို့ Export တင်ပို့ရသည့်အပြင် နိုင်ငံတကာဈေးကွက်ဝင်ဖြစ်သောကြောင့် ထောပတ်စိုက်ပျိုးသူများက အဓိကထားစိုက်ပျိုးနေကြောင်း၊ ထိုသို့စိုက်ပျိုးရာတွင် ထောပတ်ရာသီဖြစ်သည့် ဇွန်လနောက်ဆုံးပတ်မှစ၍ ပြင်ဦးလွင်မြို့နယ်နှင့် နောင်ချိုမြို့နယ်အတွင်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးသူများက စိုက်ပျိုးကြရာ လက်ရှိအချိန်ထိ အသင်းနှင့်ဆက်သွယ်ချိတ်ဆက်ပြီး စိုက်ပျိုးနေသည့်ဧက ၂၀၀ ရှိနေပြီဖြစ်ကြောင်းသိရသည်။

"ဟက်စ်ထောပတ်မျိုးတွေကို စိုက်နေပါတယ်။ တစ်နိုင်တစ်ပိုင် စိုက်ကြတာများလာပါတယ်။ အရင်က ၁၀ ဧက၊ ၁၅ ဧက စိုက်ပျိုးကြတဲ့သူက အခု ဧက ၂၀၊ ၂၅ ဧကထိ တိုးချဲ့စိုက်ပျိုးလာပါတယ်။ အခုမှ စတင်စိုက်ပျိုးကြသူတွေကလဲ ငါးဧက၊ ၁၀ ဧက စိုက်ပျိုးသူတွေများလာတယ်။ မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနဲ့ဆက်သွယ်ပြီး ချိတ်ဆက်စိုက်ပျိုးနေတာ ဧက ၂၀၀ ရှိနေပြီး အသင်းနဲ့မဆက်သွယ်ဘဲစိုက်တဲ့သူတွေလဲ ရှိကြပါတယ်။ ပြင်ဦးလွင်မြို့နယ်နဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုဒေသတွေမှာ အများဆုံးစိုက်ပျိုးမှာပါ။ ဇွန်လနောက်ဆုံးပတ်ကနေ စစိုက်နေတာပါ။ ပြင်ဦးလွင်မြို့နယ်ထဲမှာ စိုက်ပျိုးခဲ့သူတွေ တိုးလာပါတယ်။ ပြည်ပပို့ကုန်အနေနဲ့ အဓိကထားပြီး ဟက်စ်ထောပတ်သီး မျိုးကိုပဲ စိုက်ပျိုးသွားမှာပါ။ ဈေးကွက်အနေအထားအရ အစိုက်အများဆုံးက ဟက်စ်မျိုးဖြစ်ပါတယ်။ ပြည်ပကို တင်ပို့ဖို့အတွက် စိုက်ပျိုးနေကြတာပါ။ အခုလို စိုက်ပျိုးတာကလဲ နိုင်ငံတကာဈေးကွက်က ကြိုက်နှစ်သက်ကြတဲ့အတွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဒုတိယဥက္ကဌ ဦးမျိုးညွန့်က ပြောပြသည်။

ထောပတ်ပင်ကို ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် စိုက်ပျိုးကြပြီး ထောပတ်သီးအမျိုးအစား ၂၃ မျိုးရှိကြောင်း၊ လက်ရှိ ထောပတ်စိုက်ဧက ၂၀၀၀၀ ခန့်ရှိပြီး ထောပတ်စိုက်ပျိုးသူဦးရေ ၆၀၀၀ ရှိကြောင်း သိရသည်။

Source: ရတနာပုံသတင်းစာ

## ပြည်ပရှိ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသို့ ယွန်းထည်ရောင်စုံဆွမ်းအုပ်များနှင့် ယွန်းလည်ဆွဲပုတီးများ တင်ပို့မည်


Source: ရတနာပုံသတင်းစာ

ပြည်ပရှိ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသို့ ယွန်းထည်ရောင်စုံဆွမ်းအုပ်များနှင့် ယွန်းလည်ဆွဲပုတီးများကို နယ်စပ်ကုန်သွယ်ရေးဖြင့် ပြန်လည်တင်ပို့မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ်ရှိ မြန်မာမဏ္ဍိုင်အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းစင်တာမှ မန်နေးဂျင်းဒါရိုက်တာ ဦးမောင်မောင်အေးက ပြောပြ၍သိရသည်။

ပြည်ပရှိ မြန်မာနိုင်ငံသားများဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များက မြန်မာနိုင်ငံမှ အမှတ်တရလက်ဆောင်ပစ္စည်းများကို မှာယူလေ့ရှိပြီး အမြင့် လေးလက်မ၊ ခြောက်လက်မအရွယ်အစား ယွန်းထည်ရောင်စုံဆွမ်းအုပ် ကလေး များနှင့် ပျူခေတ်ပုံစံ ယွန်းထည်ဆွဲပုတီးများကို မှာယူလျက်ရှိသည့်အတွက် ယခုလတွင် ရှမ်းပြည်နယ်ရှိ နယ်စပ် ကုန်သွယ်ရေး စခန်းများမှ တင်ပို့ပေးရန် စီစဉ်လျက်ရှိကြောင်းသိရသည်။

"ကိုဗစ်မတိုင်မီကတည်းက မယ်ဆိုင်ဘက်က မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းဆိုင်တွေကို နယ်စပ်ကုန်သွယ်ရေးကနေ ပို့ရတာရှိပါတယ်။ အခုနှစ် နှစ်ဆန်းပိုင်းကစပြီး တဖြည်းဖြည်းချင်းပို့ပေးနေပါတယ်။ ဒီလထဲမှာတော့ အမြင့် လေးလက်မ၊ အမြင့် ခြောက်လက်မအရွယ်အစား ယွန်းထည်ရောင်စုံ ဆွမ်းအုပ်တွေနဲ့ ယွန်းလည်ဆွဲပုတီးတွေ အမှာစာရထားပါတယ်။ ဒီလကစပြီးတော့ ယွန်းဆွမ်းအုပ် အလုံးရေ ၃၀၀ နဲ့ ယွန်းလည်ဆွဲပုတီးက အကုံး ၂၀၀ တင်ပို့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကိုယ်ပိုင်အလုပ်ရုံကပဲ ထုတ်လုပ်မှာဖြစ်ပါတယ်" ဟု ဦးမောင်မောင်အေးက ပြောပြသည်။

မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းများကို ပြည်တွင်းရှိ အမှတ်တရပစ္စည်းအရောင်းဆိုင်များက နယ်နမိတ်ချင်းထိစပ်နေသည့် နိုင်ငံများရှိ နယ်စပ်မြို့များတွင် ဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရပစ္စည်း အရောင်းဆိုင်များသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

Source: ရတနာပုံသတင်းစာ

## ပုသိမ်မြို့မှ ဆန်အိတ်များကို ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း အိတ်ရေ ၂၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့


Source: ရတနာပုံသတင်းစာ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှ ဆန်အိတ်များကို ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း အိတ်ရေ ၂၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပုသိမ်မြို့ရှိ ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းရှင်များထံမှ သိရသည်။

ပုသိမ်မြို့ရှိ ဆန်စပါးရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ဒေသထွက်စပါးများကို ဝယ်ယူကြိတ်ခွဲပြီး ဆန်ကို ရန်ကုန်ဈေးကွက်သို့ ကုန်တင်ကား၊ ကုန်တင်သင်္ဘောများဖြင့် တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပုသိမ်မြို့ဆိပ်ကမ်းမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီးသို့ မေလအတွင်းက ဆန်တစ်တင်းခွဲအိတ်ရေ ၉၀၀၀၀ ခန့်သာတင်ပို့ရောင်းချနိုင်ခဲ့သော်လည်း ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်အတွင်း ဆန်တစ်တင်းခွဲအိတ်ရေ ၂၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။

"ပုသိမ်မြို့နယ်ရှိ ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းရှင်အများစုက ဒေသထွက်စပါးတွေကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချလျက်ရှိပါတယ်။ လက်ရှိမှာတော့ လွန်ခဲ့တဲ့မေလအတွင်းကထက် တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ဇွန် ၁ ရက်လောက်ကနေ စတင်ရောင်းအားတက်လာတာဖြစ်ပါတယ်။ ရန်ကုန်ဘက်က ဆန်နဲ့စပါးကုန်သည်တွေက ပြည်တွင်း၊ ပြည်ပဝယ်ယူမှုအားကောင်းလာလို့ အရောင်းအဝယ်သွက်ခဲ့တာဖြစ်ပါတယ်။ အခြားဒေသတွေနဲ့ ပြည်ပဈေးကွက်ကိုလဲ ရန်ကုန်ကနေတစ်ဆင့် တင်ပို့ရောင်းချပေးလျက်ရှိပါတယ်။ ဆန်အဝယ်သွက်နေပေမဲ့လဲ ဆန်ဈေးနှုန်းကတော့ သိသိသာသာကြီးတက်လာတာမျိုး မရှိသေးတာတွေ့ရတယ်။ ကျွန်တော်တို့ ပုသိမ်ကနေ ရန်ကုန်ကို အများစုတင်ပို့တာက

TIR

ကုန်ပစ္စည်းကျစ်လျစ်စေဖို့ ဆန်အိတ်တွေကို တစ်တင်းခွဲဝင်အိတ်တွေနဲ့ ထည့်ပြီးချုပ်လုပ်တင်ပို့တာဖြစ်ပါတယ်။ ရန်ကုန်ဘက်က ကုန်သည်တွေ၊ ဆန်အရောင်းအဝယ် ကိုယ်စားလှယ်တွေက သူတို့ဘာသာ ပြန်လည်ခွဲထုတ်ရောင်းချကြတာ ဖြစ်ပါတယ်" ဟု ပုသိမ်မြို့ရှိ ဆန်စပါးရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဦးထက်ရှိန်းက ပြောပြသည်။

ပုသိမ်မြို့မှ ရန်ကုန်သို့ အများဆုံးတင်ပို့ရောင်းချနေရသည့် ဆန်အမျိုးအစားများမှာ ဖျာပုံပေါ်ဆန်း၊ တောင်ပျံ၊ ဘေးကျား၊ မနောသုခ၊ ဆင်းသုခ၊ ရက် ၉၀၊ ထိုင်းဘေးကျား၊ ကျားပျံတို့ဖြစ်ကြောင်း၊ အဆိုပါ ဆန်ဈေးနှုန်းများမှာ ဇွန် ၁ ရက်မှ ၃၀ ရက်ထိ ဖျာပုံပေါ်ဆန်းတစ်အိတ်လျှင် ငွေကျပ် ၅၅၅၀၀၊ တောင်ပျံတစ် အိတ်လျှင် ငွေကျပ် ၅၁၀၀၀၊ ဘေးကျားတစ်အိတ်လျှင် ငွေကျပ် ၅၅၀၀၀၊ မနောသုခတစ်အိတ်လျှင် ငွေကျပ် ၃၅၅၀၀၊ ဆင်းသုခတစ်အိတ်လျှင် ငွေကျပ် ၃၆၅၀၀၊ ရက် ၉၀တစ်အိတ်လျှင် ငွေကျပ် ၃၃၅၀၀၊ ထိုင်းဘေးကျား တစ်အိတ်လျှင် ငွေကျပ် ၃၃၅၀၀၊ ကျားပျံတစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀ တို့ဖြစ်ကြောင်း ပုသိမ်မြို့ရှိ ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းရှင်များထံမှ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## အိန္ဒိယက အရန်မတ်ပဲကို မြန်မာနိုင်ငံမှ ဝယ်ယူဖြည့်တင်းသွားမည်ဖြစ်ပြီး ပြည်တွင်းမတ်ပဲဈေး အတက်သို့ ဆက်လက်ဦးတည်နေ

အိန္ဒိယအစိုးရက အရန်မတ်ပဲလက်ကျန် နည်းပါးလာတာကြောင့် ပြန်လည်ဖြည့်တင်းဖို့ မြန်မာနိုင်ငံမှ ဝယ်ယူသွားဖို့ ရှိတယ်လို့ သတင်းအရင်းအမြစ်များကို ကိုးကားပြီး Agri World Mumbai က ရေးသားဖော်ပြထားပါတယ်။ နိုင်ငံတကာ ဈေးကွက်သတင်းများအရ အိန္ဒိယက အရန်ပဲအဖြစ် မြန်မာမတ်ပဲကို ဝယ်ယူမယ့်သတင်းကြောင့် ပါကစ္စတန်ရဲ့ ပြည်တွင်းဈေးတက်နေပြီး မြို့တော်ကာရာချီမှာဆိုရင် မတ်ပဲ(SQ)ဈေးနှုန်း 5 Rs တက်သွားတယ်လို့ သိရှိရပါတယ်။

ဧပြီလအထိ ဈေးငြိမ်ခဲ့တဲ့ ပြည်တွင်းမတ်ပဲဈေးနှုန်းက ပြီးခဲ့တဲ့ မေလမှစတင်ကာ ဇူလိုင်လဆန်းပိုင်းအထိ နေ့စဉ် အတက်မှာသာ ရပ်တည်နေပြီး တစ်ရက်ချင်းစီ ဈေးနှုန်းကွာခြားချက်လည်း မြင့်တက်လာတယ်လို့ ဧရာကုန်သွယ်မှုဗဟိုဌာနက ထုတ်ပြန်ပြောဆိုပါတယ်။

မြန်မာ့မတ်ပဲ အဓိကဝယ်ယူသူ အိန္ဒိယရဲ့ ယခုနှစ် မိုးသီးနှံစိုက်ပျိုးမှုက ဧရိယာနဲ့ အထွက်နှုန်းကျဆင်းနေပြီး မိုးရရှိမှု နည်းပါးတာကြောင့် တောင်သူများအနေနဲ့ ဝါနဲ့ပဲပုတ်ကို ပိုမိုစိုက်ပျိုးလာကြကာ စပါးနဲ့ ပဲမျိုးစုံစိုက်ပျိုးမှု ကျဆင်းနေတယ်လို့ သိရပါတယ်။ တစ်ဖက်မှာလည်း မတ်ပဲစိုက်ပျိုးထုတ်လုပ်ပြီး အိန္ဒိယကို တင်ပို့နေတဲ့ ပါကစ္စတန်ကလည်း မတ်ပဲထွက်ရှိမှု ကျဆင်းနေတာကြောင့် မြန်မာ့မတ်ပဲ ဝယ်လိုအားကောင်းနေတယ်လို့ ATC က ပြောပါတယ်။ ''ယခုရက်ပိုင်းအတွင်း တစ်ရက်ချင်းစီမှာ ဈေးနှုန်းကွာခြားချက် ကျပ် ၅၀၀-၁၀၀၀ တွင်ရှိပြီး ဈေးနှုန်းမြင့်တက်နေပါတယ်။ သို့သော် သတိထားရမယ့် အချက်မှာ ယခုရက်ပိုင်းအတွင်း အိန္ဒိယကိုတင်သွင်းလာတဲ့ ဆိပ်ကမ်းရောက်ရှိဈေးနှုန်းထက် ပြည်တွင်း မတ်ပဲပေါက်ဈေးက ပိုနည်းနေတယ်''လို့ လေ့လာသူများကပြောထားကြောင်း ATC က ဆိုပါတယ်။

သို့သော်လည်း အိန္ဒိယအစိုးရအနေနဲ့ ပဲလိုအပ်ချက် များပြားနေပေမယ့် ဈေးနှုန်းထိန်းညှိရန် မူဝါဒတစ်စုံတစ်ရာ ထုတ်ပြန်လာနိုင်တာကို သတိချပ်ဖို့လိုအပ်မယ်လို့ အသိပေးပြောကြားထားပါတယ်။

**Source: BETV Business**

## နယ်စပ်ကုန်သွယ်ရေးတွင် ယွမ်နှင့်ဘတ်တို့ဖြင့် တိုက်ရိုက်ပေးချေခွင့်ရှိသော်လည်း ဆန်၊ ပဲ၊ ပြောင်းနှင့် ဆီထွက်သီးနှံများကို ကန်ဒေါ်လာဖြင့်သာဆောင်ရွက်ရန် ပြန်လည်ညွှန်ကြားထား

ဇူလိုင်လ ၁ ရက်နေ့မှစပြီး ဆန်၊ ပဲ၊ ပြောင်းနဲ့ ဆီထွက်သီးနှံတွေကို ပြည်ပနိုင်ငံတွေထံ နယ်စပ်ကတစ်ဆင့် တင်ပို့ရောင်းချမှုနဲ့ပတ်သက်ပြီး အမေရိကန်ဒေါ်လာတစ်မျိုးတည်းသာ တင်ပို့ခွင့်ပြုရေးဆောင်ရွက်သွားဖို့ နိုင်ငံခြားသုံးငွေ ကြီးကြပ်မှုကော်မတီက ဆုံးဖြတ်လိုက်ပါတယ်။

တရုတ်နဲ့ ထိုင်းနယ်စပ်ကုန်သွယ်ရေးတို့မှာ ယွမ်နဲ့ဘတ်ငွေတို့ကို မြန်မာကျပ်နဲ့တိုက်ရိုက်အသုံးပြုပေးချေမှုကို ခွင့်ပြုထားပေမယ့် ယခုအခါ ကန်ဒေါ်လာနဲ့သာ ဆောက်ရွက်ဖို့ ထပ်မံညွှန်ကြားခြင်းဖြစ်ပြီး ပို့ကုန်ဈေးနှုန်းသတ်မှတ်နှုန်းထား များကို

ပင်လယ်ရေကြောင်းကုန်သွယ်မှု သတ်မှတ်တဲ့နှုန်းထားများနဲ့ တစ်ပြေးညီဖြစ်စေရေး ဆောင်ရွက်သွားဖို့လည်း ဆုံးဖြတ်ခဲ့ကြပါတယ်။

ပို့ကုန်ပစ္စည်းများနဲ့ ပတ်သက်လို့ ပို့ကုန်ရငွေက ၄၅ ရက်အတွင်း မဖြစ်မနေ ဝင်ရောက်ရမှာဖြစ်ပြီး ပို့ကုန်လိုင်စင်သက်တမ်းကို ၁ လ ခွင့်ပြုပေးဖို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီက ဆုံးဖြတ်ထားပါတယ်။ ဆီထွက်သီးနှံတင်ပို့မှုကို မေလ ၈ ရက်နေ့ကတည်းက ယာယီရပ်ဆိုင်းထားခဲ့တာကြောင့် ပြန်လည်ခွင့်ပြုနိုင်ရေး အပေါ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံ တင်ပြထားဆဲဖြစ်လို့ ဝန်ကြီးရုံးရဲ့ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ခွင့်ပြုမယ်လို့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

ဒါ့ကြောင့် သက်ဆိုင်ရာ OSS ဌာနတာ ဝန်ခံများ၊ မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း၊ ဆန်စပါးကုန်စည်ဒိုင်နဲ့ ပဲ၊ ပြောင်း၊ နှမ်း လယ်ယာထွက်ကုန်ကုန်စည်ဒိုင်များအနေနဲ့ ဆန်၊ ပဲ၊ ပြောင်း၊ ဆီထွက်သီးနှံများ ပြည်ပကို နယ်စပ်ကတစ်ဆင့် တင်ပို့မှုနဲ့ပတ်သက်တဲ့ ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်ဖို့ အသိပေးထားပါတယ်။

**Source: BETV Business**

## ချင်းရွှေဟော်နယ်စပ်တွင် မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်(၄) ၏ ရုံးခန်းများဖွင့်မည်

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ချင်းရွှေဟော်နယ်စပ်တွင် မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် (၄) ခု၏ ရုံးခန်းများဖွင့်လှစ်ကာ ဘဏ်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ ဖွင့်လှစ်ရခြင်းမှာ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် ကုန်သည်ကြီးများအသင်း၏ တင်ပြမှုကြောင့်ဖြစ်ပြီး မြန်မာနိုင်ငံဗဟိုဘဏ်၏ အကူအညီဖြင့်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ကွမ်းလုံ-ဟိုပန်-ချင်းရွှေဟော်-လောက်ကိုင် နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းမှသိရသည်။

အဆိုပါ ရုံးခန်းဖွင့်လှစ်မည့်ဘဏ်များမှာ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ ရောဝတီဘဏ်၊ ကမ္ဘောဇဘဏ်၊ ယူနိုက်တက်အမရာဘဏ်တို့ဖြစ်ကြောင်းသိရသည်။

လက်ရှိတွင် အဆိုပါ ဘဏ်ရုံးခန်းများကို ချင်းရွှေဟော်နယ်စပ် ၊ ဝမ်လီဟိုတယ်ခန်းမဆောင်တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဘဏ်လုပ်ငန်းဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များအနေဖြင့် လာရောက်စုံစမ်း မေးမြန်းနိုင်ကြောင်းလည်း သိရသည်။

အဆိုပါ ဘဏ်ရုံးခန်းများတွင် ဇူလိုင်လ (၄) ရက်မှစတင်၍ ယွမ်ငွေအကောင့်များဖွင့်လှစ်ခြင်း၊ သွင်းကုန်ထုတ် ကုန်များအတွက် ယွမ်ငွေဖြင့်ငွေပေးချေမှုများကို လုပ်ဆောင်နိုင်ပြီဖြစ်ကြောင်းသိရသည်။

Source: Popular News Journal

## တရုတ်လိုင်းသမားဝယ်လက်နှင့် သင်္ဘောတင်သမားဝယ်လက်တို့ အပြိုင်ဝယ်ယူမှုကြောင့် ပဲတီစိမ်းဈေး နှစ်ရက်အတွင်း သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၀၀၀၀ ခန့် ဈေးတက်နေ


https://news-eleven.com/article/233384

မန္တလေးပွဲစား၊ ကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) ဈေးကွက်တွင် တရုတ်လိုင်းသမားဝယ်လက်နှင့် သင်္ဘောတင်သမားဝယ်လက်တို့ အပြိုင်ဝယ်ယူမှုကြောင့် ပဲတီစိမ်းဈေး နှစ်ရက်အတွင်းသုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၀၀၀၀ ခန့် ဈေးတက်နေပြီး ကုလားပဲအုပ်စုဝင်ပဲများ တစ်အိတ်လျှင် ကျပ် ၂၀၀၀ ခန့်နှင့် ပြည်တွင်းသုံး မတ်ပဲဈေးတစ်အိတ်လျှင် ကျပ် ၂၀၀၀ ခန့် နှစ်ရက်အတွင်း ဈေးများတက်သွားကြသည်ဟု မန္တလေးမြို့ ပဲကုန်သည်များထံက သိရပါသည်။

"ဈေးကွက်ထဲမှာ ပဲတီစိမ်းဈေးက ရက်ပိုင်းအတွင်းမှာ သုံးတင်းဝင်တစ်အိတ်ကို ကျပ် ၁၀၀၀၀ လောက် ဈေးတက်တယ်။ အဓိကဈေးတက်သွားတာက ဝယ်လက်ဆုံသွားတာကြောင့် ဈေးတက်သွားတာပါ။ တရုတ်လိုင်းဝယ်လက်နဲ့ သင်္ဘောတင်ကြမယ့်သူ ဝယ်လက်တို့ ဝယ်လက်နှစ်ခု ဝယ်နေကြတော့ ပဲတီစိမ်းအရည်အသွေးက ထိပ်စကိုဝယ်ကြတာပါ။ ပစ္စည်းက ရှားပါတယ်။ ပုံမှန်အဆင့် ၁၄၅၀၀၀ ဈေးတန်း ပစ္စည်းကပေါ်များပါတယ်။ ပဲတီစိမ်းဈေးက မနေ့က ၃၀၀၀လောက် ဈေးတက်ပြီး

ဒီနေ့ ၇၀၀၀လောက် ဈေးထပ်သွားတယ်။ နှစ်ရက်သုံးရက်အတွင်း ကျပ် ၁၀၀၀၀ လောက် ဈေးတက်သွားတယ်လို့ ပြောလို့ရတယ်။ မတ်ပဲဈေးက ပုံမှန်လေး ဖြည်းဖြည်းတက်နေတာ။ မတ်ပဲဈေး ရောက်နေတဲ့ဈေးတန်းက အမြင့်ဈေးမှာ ဆိုတော့ မတ်ပဲဈေးကငြိမ်ပါတယ်။ ကုလားပဲအုပ်စုဝင်ပဲတွေလည်းမနေ့က ဈေးထက် သုံးတင်းတစ်အိတ်ကို ကျပ် ၂၀၀၀ လောက် တချို့ပဲတွေဈေးတက်ကြတယ်။ မတ်ပဲဈေးလည်းမနေ့ကထက် တစ်အိတ်ကို ၂၀၀၀ လောက် ဈေးတက်သွားတယ်။ ပြည်တွင်းသုံး မတ်ပဲ ထိပ်စဈေးတက်ပါတယ် ”ဟု မန္တလေးပွဲစား၊ ကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) ပြန်ကြားရေးတာဝန်ခံက ပြောကြားသည်။

မန္တလေးကုန်စည်ဒိုင်တွင် ရှမ်းပြည်နယ်မြောက်ပိုင်းဘက်မှ လက်ကျန်ပြောင်းများဝင်ရောက်နေပြီး ငွေကြေးမူဝါဒ အပြောင်းအလဲကြောင့် ဈေးကွက်အေးနေပြီး ပြောင်းဖူးစေ့ကျဆင်းနေကြောင်း၊ ပုံမှန်ပြည်တွင်းတိရစ္ဆာန် အစာစပ်သမားများသာ ဝယ်ယူမှုရှိကြောင်း ကုလားပဲအုပ်စုဝင်ပဲများ ဈေးကွက်ထဲတွင် ပစ္စည်းလက်ကျန်နည်းပါးနေပြီး ပဲခွဲစက်သမားများ ဝယ်ယူမှုကြောင့် ဈေးမာနေကြောင်း ၊ ပဲတီစိမ်းများကို စစ်ကိုင်း၊ ရွှေဘို ဝက်လက်၊ ကူမဲ၊ သဲတော၊ ဝမ်းတွင်း ၊ ကျောက်ဆည်နယ်များမှ ဝင်ရောက်နေကြောင်းသိရသည်။

မန္တလေးကုန်စည်ဒိုင်ဈေးကွက်၏ ဇူလိုင် ၂ ရက်နေ့ နေ့လည်ပိုင်း ပဲဈေးများမှာ V2 ကုလားပဲ သုံးတင်းတစ်အိတ် (၅၇.၂၅ ပိဿာ) ၁၅၃၀၀၀ မှ ၁၅၄၀၀၀၊ V7 ကုလားပဲ သုံးတင်းတစ်အိတ် (၅၇.၂၅ ပိဿာ) ၁၅၅၀၀၀၊ ၉၂၉ ကုလားပဲ သုံးတင်းတစ်အိတ် (၅၆.၂၅ ပိဿာ) ၁၄၄၀၀၀ မှ ၁၄၅၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းတစ်အိတ် ( ၅၆.၂၅ ပိဿာ) ၁၃၇၀၀၀ မှ ၁၃၈၀၀၀၊ ပဲစင်းငုံနီ ( ၂၀၂၂ ) သုံးတင်းတစ်အိတ် (၆၀ပိဿာ) ၁၄၀၀၀၀ ၊ မတ်ပဲအလုံးကြီး သုံးတင်းတစ်အိတ် (ပိဿာ-၆၀) ၁၇၀၀၀၀၊ ပဲကြား သုံးတင်းတစ်အိတ် (၅၆.၂၅ ပိဿာ) ၁၉၃၀၀၀၊ ပဲဇီးကွက် သုံးတင်း တစ်အိတ် (၅၈.၂၅ ပိဿာ) ၁၃၀၀၀၀ မှ ၁၃၃၀၀၀၊ ပဲနီပြား သုံးတင်းတစ်အိတ် (၅၅.၂၅-ပိဿာ) ၁၁၅၀၀၀ မှ ၁၂၅၀၀၀၊ ထောပတ်ပဲ (အပြားကြီး) သုံးတင်းတစ်အိတ် (၅၆.၂၅ ပိဿာ) ၁၄၅၀၀၀ မှ ၁၄၈၀၀၀၊ စွန်တာပြာ သုံးတင်းတစ်အိတ် (၅၈.၂၅-ပိဿာ) ၁၃၃၀၀၀ မှ ၁၃၅၀၀၀၊ မြေထောက်ပဲသုံးတင်းတစ်အိတ် (၅၄ ပိဿာ) ၁၈၅၀၀၀ မှ ၁၉၀၀၀၀၊ ကျွန်းစားတော် (ပဲကောင်း) သုံးတင်းတစ်အိတ် (၅၉.၂၅ ပိဿာ ၂၉၀၀၀၀ မှ ၃၀၀၀၀၀)၊ ကနေဒါစားတော် သုံးတင်းတစ်အိတ် (၅၉.၂၅ ပိဿာ) ၁၈၀၀၀၀ မှ ၁၈၅၀၀၀၊ ယူကရိန်းစားတော်ပဲ သုံးတင်းတစ်အိတ် (၅၉.၂၅ ပိဿာ) လျှင် ကျပ် ၁၆၀၀၀၀ မှ ၁၆၅၀၀၀ တို့ ဈေးရှိကြကြောင်းသိရသည်။

**Source:** https://news-eleven.com/article/233384

## ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီတွင် ပြည်ပသို့ ချုပ်ပြီးအထည်တင်ပို့မှုမှ ဒေါ်လာသန်း ၃၆၀ ကျော်ရရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁၄၃ သန်းကျော်ပိုမိုရရှိထား

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီတွင် ပြည်ပသို့ ချုပ်ပြီးအထည်တင်ပို့မှုမှ ဒေါ်လာသန်း ၃၆၀ ကျော်ရရှိခဲ့ပြီး ယခင်နှစ် ကာလတူထက် ဒေါ်လာ ၁၄၃ သန်းကျော် ပိုမိုရရှိခဲ့ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ သိရသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီတွင် ပြည်ပသို့ချုပ်ပြီးအထည်တင်ပို့မှုမှ ဒေါ်လာ ၃၆၀ ဒသမ ၆ သန်းရရှိခဲ့သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီတွင် ဒေါ်လာ ၂၁၇ ဒသမ ၂ သန်းရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါကာလတူနှစ်ခုကို နှိုင်းယှဉ်ပါက ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီတွင် ချုပ်ပြီးအထည်တင်ပို့မှုမှ ရရှိငွေမှာ ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁၄၃ သန်းကျော် ပိုမိုရရှိခဲ့ခြင်းဖြစ်သည်။

လအလိုက် ပြည်ပသို့ ချုပ်ပြီးအထည် တင်ပို့မှုအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီတွင် ဒေါ်လာ ၂၁၇ ဒသမ ၂ သန်း၊ မတ်တွင် ဒေါ်လာ ၂၆၈ သန်း၊ ဧပြီတွင် ဒေါ်လာ ၂၃၈ ဒသမ ၇ သန်း၊ မေတွင်ဒေါ်လာ ၂၇၈ ဒသမ ၅ သန်း၊ ဇွန်တွင်ဒေါ်လာ ၃၁၉ ဒသမ ၃ သန်း၊ ဇူလိုင်တွင်ဒေါ်လာ ၃၁၀ ဒသမ ၇ သန်း၊ သြဂုတ်တွင်ဒေါ်လာ ၄၂၄ ဒသမ ၅ သန်း၊ စက်တင်ဘာတွင်ဒေါ်လာ ၃၇၈ ဒသမ ၃ သန်း၊ အောက်တိုဘာတွင်ဒေါ်လာ ၃၀၂ ဒသမ ၉ သန်း၊ နိုဝင်ဘာတွင်ဒေါ်လာ ၃၃၇ ဒသမ ၉ သန်း၊ ဒီဇင်ဘာတွင်ဒေါ်လာ ၄၁၄ ဒသမ ၃ သန်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီတွင် ဒေါ်လာ ၄၁၀ ဒသမ ၃ သန်း၊ ဖေဖော်ဝါရီတွင် ၃၆၀ ဒသမ ၆ သန်းရရှိခဲ့သည်။

၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်တွင် အထည်ချုပ်(ချုပ်ပြီးအထည်) တင်ပို့မှုမှ ဒေါ်လာ ၄ ဒသမ ၈ ဘီလျံနီးပါး ရရှိခဲ့သော်လည်း ယခင်နှစ်ကာလတူထက် ဒေါ်လာ ၆၃ သန်းကျော် လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် အထည်ချုပ်လုပ်ငန်းကို CMP လက်ခစားစနစ်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး ဂျပန်၊ တရုတ်၊ ကိုရီးယား၊ EU နိုင်ငံတို့မှ CMP စနစ်ဖြင့် အော်ဒါအဓိက မှာယူနေခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များ အသင်းမှ သိရသည်။

၂၀၁၈ ခုနှစ်တွင် အထည်ချုပ်(ချုပ်ပြီးအထည်)အများဆုံးတင်ပို့ထားသည့် ၁၀ နိုင်ငံစာရင်းကို လေ့လာကြည့်ပါက အီးယူ အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဂျာမနီနိုင်ငံသို့ ဒေါ်လာ သန်း ၉၃၀၊ ယူကေသို့ ဒေါ်လာ ၃၂၃ သန်း၊ စပိန်နိုင်ငံသို့ ဒေါ်လာ ၂၉၄ သန်း၊ ပြင်သစ်နိုင်ငံသို့ ဒေါ်လာ ၂၆၆ သန်း၊ ဒိန်းမတ်နိုင်ငံသို့ ဒေါ်လာ ၁၅၈ သန်း၊ အီတလီသို့ဒေါ်လာ ၁၅၇ သန်း၊ နယ်သာလန်နိုင်ငံသို့ ဒေါ်လာ ၁၄၅ သန်းအထိ တင်ပို့ထားခြင်းဖြစ်သည်။

အများဆုံးတင်ပို့ထားသည့် ၁၀ နိုင်ငံအနက် ဂျပန်နိုင်ငံသို့ဒေါ်လာ ၈၃၄ သန်း၊ ကိုရီးယားသို့ဒေါ်လာ ၃၉၉ သန်း၊ အမေရိကန်နိုင်ငံသို့ ဒေါ်လာ ၂၁၁ သန်းအထိတင်ပို့ထားသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့အထည်ချုပ်(ချုပ်ပြီးအထည်)တင်ပို့မှုကို လေ့လာကြည့်ပါက ၂၀၁၀ ပြည့်နှစ်၌ အထည်ချုပ် တင်ပို့မှုတွင် ဒေါ်လာ ၃၃၇ သန်းသာရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် သုံးဆအထိမြင့်တက်လာခဲ့ပြီး ဒေါ်လာတစ်ဘီလျံနီးပါးခန့်အထိ ရောက်ရှိလာခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် အထည်ချုပ် (ချုပ်ပြီးအထည်) တင်ပို့မှုကို လေ့လာကြည့်ပါက၂၀၁၀ ခုနှစ်တွင် ဒေါ်လာ ၃၃၇ သန်းသာ ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် သုံးဆအထိ မြင့်တက်လာခဲ့ပြီး ဒေါ်လာတစ်ဘီလျံနီးပါးအထိ ရောက်ရှိခဲ့သည်။

၂၀၁၅ ခုနှစ်တွင် အထည်ချုပ်(ချုပ်ပြီးအထည်)တင်ပို့မှုသည် ဒေါ်လာ ၁ ဒသမ ၄၆ ဘီလျံအထိရှိလာပြီး မြန်မာနိုင်ငံ၏ စုစုပေါင်းပို့ကုန်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းအထိ ရှိလာခဲ့သည်။

**Source:** https://news-eleven.com/article/233400

## ရန်ကုန်ဆိပ်ကမ်း၌ ယခုလအတွင်း နိုင်ငံတကာကုန်စည်ပို့ဆောင်ရေး သင်္ဘော ၄၉ စင်း ဆိုက်ကပ်ကုန်သွယ်မှုပြုမည်

ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း၌ ဇူလိုင်လအတွင်း နိုင်ငံတကာကုန်စည် ပို့ဆောင်ရေးသင်္ဘော ၄၉ စင်း ဝင်ရောက် ဆိုက်ကပ်ကုန်သွယ်မှုပြုမည်ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့မှ သိရသည်။

ယခုလအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ Sealand Maersk Asia သင်္ဘောလိုင်းမှ ကုန်တင်သင်္ဘော ၁၁ စင်း၊ R.C.L သင်္ဘောလိုင်းမှ နှစ်စင်း၊ P.I.L သင်္ဘောလိုင်းမှ သုံးစင်း၊ Gold Star Line သင်္ဘောလိုင်းမှ နှစ်စင်း၊ Ever Green သင်္ဘောလိုင်းမှ နှစ်စင်း၊ C.S.L သင်္ဘောလိုင်းမှ သုံးစင်း၊ IAL သင်္ဘောလိုင်းမှ နှစ်စင်း၊ Samudera သင်္ဘောလိုင်းမှလေးစင်း၊ New Golden Sea (COSCO) သင်္ဘောလိုင်းမှ ခြောက်စင်း၊ SITIC Line သင်္ဘောလိုင်းမှ လေးစင်း၊MFSL သင်္ဘောလိုင်းမှ နှစ်စင်း၊ Land and Sea သင်္ဘောလိုင်းမှ သုံးစင်း၊ Bay Line သင်္ဘောလိုင်းမှ နှစ်စင်း၊ X-Press Feeders သင်္ဘောလိုင်းမှ နှစ်စင်းနှင့် BLPL Shipping သင်္ဘောလိုင်းမှ တစ်စင်း စုစုပေါင်း သင်္ဘောလိုင်း ၁၅ လိုင်းမှ သင်္ဘော ၄၉ စင်း ဆိုက်ကပ်မည်ဖြစ်သည်။

လက်ရှိတွင် ရန်ကုန်ဆိပ်ကမ်း၌ ကုန်သွယ်မှုလုပ်ငန်းများကို ပင်လယ်ရေကြောင်းမှတစ်ဆင့် နိုင်ငံတကာကုန်စည် ပို့ဆောင်ရေးသင်္ဘောကြီးများ လစဉ်ပုံမှန်ဆိုက်ကပ်နိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ယခုနှစ်တွင် နိုင်ငံတကာကုန်စည်ပို့ဆောင်ရေးသင်္ဘောအစင်းရေ ၅၀ ကျော်အထိ လစဉ်တိုးမြှင့်ဆိုက်ကပ်နိုင်ရန် ဆောင်ရွက်နေကြောင်းနှင့် ၂၀၂၁ ခုနှစ်အတွင်း ရန်ကုန်ဆိပ်ကမ်းသို့ နိုင်ငံတကာကုန်သွယ်ရေကြောင်းမှ သင်္ဘောအစင်းရေ ၄၀ ကျော် လစဉ်ဆိုက်ကပ်ခဲ့ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/27561

## တိုင်းဒေသကြီးသုံးခုမှ မူဆယ်ဆန်ကုန်စည်ဒိုင်သို့ တစ်ရက်လျှင် ဆန်ကွဲအိတ်ရေ တစ်သောင်းကျော်ဝင်ရောက်

ယခုရက်ပိုင်းအတွင်း ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီးသုံးခုမှ မူဆယ်ဆန်ကုန်စည်ဒိုင်သို့ တစ်ရက်လျှင် ဆန်ကွဲအိတ်ရေ တစ်သောင်းကျော်ဝင်ရောက်လျက်ရှိကြောင်း မူဆယ်ဆန်ကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်း၏ ပြောကြားချက်အရ သိရသည်။

မူဆယ်ဆန်ကုန်စည်ဒိုင်သို့ ပြီးခဲ့သည့်နှစ်မှစ၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဆန်နှင့်ဆန်ကွဲဝင်ရောက်ခြင်းမရှိသဖြင့် ဂိုဒေါင်လက်ကျန်များကိုသာ တရုတ်နိုင်ငံသို့တင်ပို့နေခြင်းဖြစ်ပြီး လတ်တလောတွင် လက်ကျန်နည်းပါးနေသည့်အပြင် ဈေးကွက်တွက်ခြေကိုက်သောကြောင့် မူဆယ်ဆန်ကုန်စည်ဒိုင်သို့ ဆန်ကွဲများ ပြန်လည်ဝင်ရောက်လာခြင်းဖြစ်သည်။

မူဆယ်ဆန်ကုန်စည်ဒိုင်ကို ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးတို့ကလည်း ဆန်ကွဲဝင်ရောက်မှုရှိပါတယ်။ မူဆယ်ကို အိတ်ရေ ၆၅၀ လောက်ပါတဲ့ တွဲကားအစီးရေ ၁၀ စီး၊ ၁၅ စီးလောက် ဝင်ရောက်မှုရှိပါတယ်။ တစ်ရက်ကို ဆန်ကွဲအိတ်ရေ တစ်သောင်းကျော် ဝင်ရောက်နေပါတယ်ဟု ဦးမင်းသိန်းက ပြောသည်။

လက်ရှိတွင် မူဆယ်ဆန်ကုန်စည်ဒိုင်၌ ဆန်ကွဲကီလို ၅၀ တစ်အိတ်လျှင် ယွမ် ၁၂၀ (ငွေကျပ် သုံးသောင်းခွဲ) ဝန်းကျင်ရှိကြောင်း သိရသည်။

ပြည်တွင်းမှထွက်ရှိသည့် ဆန်ကွဲများကို တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးအပါအဝင် ပင်လယ်ရေကြောင်းမှလည်း တင်ပို့လေ့ရှိကြောင်း၊ ဧပြီလအတွင်းက ပြည်ပနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၁၀၆-၉၁၂ တန်တင်ပို့ခဲ့ပြီး မေလအတွင်းကလည်း တရုတ်နှင့်ဘယ်လ်ဂျီယံအပါအဝင် နိုင်ငံပေါင်းကိုးနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၅၈၈၁၅ ဒသမ ၅ တန် တင်ပို့ခဲ့ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/27529

## STOCK EXCHANGE (4.7.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 4th Jul. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 108 | 799,200 | 33,109,694 | 245,012 |
| MTSH | 00002 | 2,600 | -50 | -1.89% | 2,650 | 2,650 | 2,600 | 1,810 | 4,793,950 | 38,929,150 | 101,216 |
| MCB | 00003 | 7,200 | -100 | -1.37% | 7,300 | 7,300 | 7,200 | 204 | 1,469,100 | 10,400,986 | 74,888 |
| FPB | 00004 | 17,500 | +0 | +0.00% | 17,500 | 17,500 | 17,500 | 0 | 0 | 2,472,053 | 43,261 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 343 | 857,500 | 12,823,224 | 32,058 |
| EFR | 00006 | 2,500 | -100 | -3.85% | 2,500 | 2,500 | 2,500 | 3 | 7,500 | 19,977,223 | 49,943 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |

## Market summary

As of 4th Jul. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 344.25 | -2.87 | -0.83% | 347.12 | 347.12 | 344.25 | 2,468 | 7,927,250 | 7 | 598,866 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 4th Jul. 2022

| MYANPIX | 344.25 ▼ 2.87 |
|---|---|
| Total Volume (shares) | 2,468 |
| Total Value (MMK) | 8 mil |
| Listed Company | 7 |
| Market Cap. (MMK) | 598,866 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,400 | ▲ 0 |
| MTSH | 00002 | 2,600 | ▼ 50 |
| MCB | 00003 | 7,200 | ▼ 100 |
| FPB | 00004 | 17,500 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,500 | ▼ 100 |
| AMATA | 00007 | 5,000 | ▲ 0 |